
ကျွန်းစဦမြေ့ ဆောခက်
ပြေးလမ်းပေါ်က အားမာန်များ
နှင့်
အခြား ပညာရေး ရသ
ဝတ္ထုတိုများ

## ကန်တော့ပန်း

ဤ"ပြေးလမ်းပေါ်က အားမာန်များ ပညာရေး ရသ ဝတ္ထုတိုများ " စာအုပ်ဖြင့် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး ကျေးဇူးကြီးမားလှသော မိဘနှစ်ပါးနှင့် သင်ဆရာ မြင်ဆရာ ကြားဆရာ အပေါင်းတို့အား နှစ်ဖြာရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့အပ်ပါ၏။

**ကျွန်းစဉ်မြေ စောခက်**

## စာရေးသူ၏ ရင်တွင်းစကား (၇)

ကျွန်တော် လျှောက်လှမ်းနေသော ပညာရေးပြေးလမ်းပေါ်က အကြောင်းအရာ အဖြစ်အပျက်များကို ဇာတ်အိမ်တည်ပြီး စာပေ ရသ ဝတ္ထုတိုများ အဖြစ် အသက်သွင်း ပုံဖော်လိုက်ခြင်းပင် ဖြစ်ပါသည် ။ ရသ ဟန်လွှမ်းနေသဖြင့် ပညာရေး ရသဝတ္ထုတိုများ ဟု ကင်ပွန်းတပ်လိုက်ရပါသည် ။

ဝတ္ထုတိုများ ဟု ဆိုသော်လည်း **လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည် ၊ သံယောဇဉ် တောင်တန်းပေါ်က ကောင်းကင်သစ်၊ ပန်းအစစ်ပေမို့ နွ**

**မ်းညစ်မပြယ်** စသည့် ဝတ္ထုများမှာ ဇာတ်အိမ်ကျယ်ပြန့်ပြီး ဝတ္ထုရှည်တစ်အုပ် ဖြစ်နိုင်လောက်သည့် အနေအထားမျိုး ရှိပါသည် ။ အခြေအနေပေးလျှင် လုံးချင်းဝတ္ထုရှည်များ အဖြစ် ဆက်လက် ထုတ်ဝေပါဦးမည်။

ပညာရေး ဝတ္ထုတိုများ ဟု ဆိုသော်လည်း သင်ကြားရေး သင်ယူရေး အဖြစ်အပျက် သက်သက်သာ မဟုတ်ပါ။ ပညာရှာဖွေခြင်း၊ ပညာသင်ယူခြင်း၏ ဘဝထဲတွင် ခက်ခဲမှုများ ၊ သည်းထိတ်ရင်ဖို ဖြစ်ခဲ့ရမှုများ ၊ လွမ်းမောခဲ့ရမှုများ ၊ ကြေကွဲရမှုများ ၊ အောင်မြင်ခဲ့ရမှုများကို ဘဝရသစာစုများ အဖြစ် ခြယ်မှုန်းထားပါသည် ။

ကမ္ဘာပေါ်မှာ ကျောင်းဆရာ အဖြစ်ချင်ဆုံး လူများ ထဲတွင် ကျွန်တော်သည် လည်း တစ်ဦးအပါအဝင် ဖြစ်ပေလိမ့်မည်။ ကျွန်တော်၏ ခံယူချက်နဲ့ ပတ်သက်၍ ဤမျှထိ ရဲဝံ့ပြတ်သားစွာ ဆိုရဲပါသည် ။

ကျွန်တော့်အနေဖြင့် ကျောင်းဆရာတစ်ဦး ဖြစ်လာသည် အထိ သတ်မှတ်ထားသော အတန်းပညာများကို သင်ယူရာတွင် ခက်ခဲပင်ပန်းစွာ ကြိုးစားခဲ့ရပါသည် ။ ရုန်းကန်ခဲ့ရပါသည် ။ သာမန်စကားအားဖြင့် ခက်ခဲသည် ဟု ပြောရုံလောက်ဖြင့် မလုံလောက်နိုင်သော ခက်ခဲမှုပေါင်း များစွာကို ဖြတ်ကျော်ခဲ့ရပါသည် ။ ရယူလိုမှု ဆန္ဒတစ်ခုအတွက် ပေးဆပ်ခဲ့ရသော ဘဝအစိတ်အပိုင်းများမှာ ပြန်ပြောပြလျှင်ပင် ဟုတ်မှ ဟုတ်ပါလေစဟု သံသယဖြစ်ဖွယ် အထိပင် ဖြစ်ပါသည် ။

ကျွန်တော်သည် ဘင်္ဂလားပင်လယ်အော်ထဲတွင် ပိုက်မျှောရင်း မျှားတန်းချရင်း လှိုင်းသရမ်းများ နှင့် စီးချင်းထိုးပြီး ကျောင်းစာများကို ကျက်ခဲ့ရသည် ။ ကမ်းရိုးတန်း မြစ်ချောင်းတစ်ခွင် ခရီးနှင်ရင်း ရေးမှတ်တွက်ချက်ခဲ့ရသည် ။ ကျောင်းပြင်ပ ပညာရေးမှာ လူးလာကူးခပ်ရင်း ပညာရေးဝန်ထမ်း ဆရာတစ်ဦးဖြစ်အောင် ကြိုးပမ်းခဲ့ရပါသည် ။

ကျောင်းဆရာဟု အသိအမှတ်ပြု ခံရပြီး နောက်တွင် လည်း ကျောင်းဆရာစိတ်နဲ့ ကျောင်းဆရာအလုပ်သည် ကျွန်တော့်ဘဝတစ်ခုလုံးအား ဝါးမျိုစီးပိုးထားပါသည် ။ ကျောင်းဆရာဘဝကို ဖက်တွယ်ဖြစ်အောင် ချည်နှောင်ထားသော ယုံကြည်ချက် သံယောဇဉ်ကြိုးမှာ တုတ်ခိုင်လွန်းလှသည် ဟု ပြောရမည် ဖြစ်ပါသည် ။

ကျွန်တော်၏ ပညာရှာဖွေရေး ခရီးလမ်းသည် အဘယ်မျှထိ ခက်ခဲခဲ့သည် ၊ အဆင်မပြေ ဖြစ်ခဲ့ရသည် ကို **သိုက်မြုံတစ်ခု၏ ပဥ္စလက်ဒိုင်ယာရီ၊ ခွင့်လွှတ်ပါ အမေရယ်၊ အရည်ရွှမ်း သစ်သီးတစ်လုံး၏ ပီတိပုံပြင်** စသည့် ဝတ္ထုများ တွင် အရိပ်အမြွက် တွေ့နိုင်ပါသည် ။ ကျောင်းဆရာတစ်ဦး၏ ခံယူချက်နဲ့ လုပ်ရပ်ကို **မျက်ရည်များကြားက အလင်းတံခါး**ဝတ္ထု တွင် မြင်နိုင်ပါသည် ။ တပည့်အပေါ်တွင် ထားရှိသော ဆရာ၏ မေတ္တာတရားကို **ပြေးလမ်းပေါ်က အားမာန်များ** တွင် တွေ့နိုင်ပါသည် ။

ပညာရေးဝန်ထမ်း ဥယျာဉ်မှူးအဖြစ် ပြည်နယ်တစ်ခု၏ ကျေးလက်ဝန်းကျင်ထဲတွင် နှစ်ပေါင်း (၂၄) နှစ်တိုင်တိုင် ရှင်သန်ခွင့် ရခဲ့ပါသည် ။ ပန်းကလေးများ အလှဝေဖြာ ပန်းကမ္ဘာဖြစ်အောင် ဖန်တီးခွင့် ရခဲ့ပါသည် ။ စာပေသင်ကြားရင်းပင် ကျေးလက်ရနံ့သင်းသော မြစ်ချောင်းဝန်းကျင်ထဲက အခြေခံ လူတန်းစားတို့ ၏ ဘဝအဖုံဖုံကို စာပေအသွင် ဖန်တီးပြီး လင်းလက်စေခဲ့ပါသည် ။

ယခုအခြေအနေတွင် ကျွန်တော့်မှာ မြန်မာနိုင်ငံ၏ အဓိပတိ ရပ်ဝန်းကြီးထဲ၌ လှုပ်ရှားရန်းကန်ခွင့် ရရှိခဲ့ပေသည် ။ ဤတွင် ကျွန်တော်နဲ့ အနီးစပ်ဆုံး ပညာရေး ဘဝအစိတ်အပိုင်း အချို့သည် လည်း ကျွန်တော့် ကလောင်သွား ရွေ့လျားရာတစ်လျှောက် ပညာရေးဇာတ်လမ်းများ အဖြစ် ထင်ကျန်လာခဲ့ရကြောင်းကိုလည်း ဤ

စာအုပ်ပါ ဝတ္ထုအချို့တွင် တွေ့ရမည်ဖြစ်ပါသည် ။

ကျွန်တော်၏ ဘဝပေးပညာရေးရသ ဝတ္ထုတိုများ သည် စာဖတ်သူများ နှင့် ရသခံစားမှု အစ္စျတ္တအရောင်ချင်း တူညီမှုရှိမရှိကို နား စွင့်ထောင်ရင်း ---------

ဆက်လက်ကြိုးစားပါဦးမည်။

လူလူချင်း မေတ္တာစိတ်ထားနိုင်ကြပါစေ။

**ကျွန်းစဉ်မြေ-စောခက်**
**၂၃.၅.၂၀၀၉**

***

# ဘဝပုံရိပ် ဝတ္ထုတိုစာစုနှင့် ကျွန်းစဉ်မြေစောခက်

စာပေဖတ်ရှု တည်းဖြတ်ရေးသားသည့် နယ်ပယ်တွင် ဆယ်စုနှစ် လေးခုကျော်မျှ ဖြတ်သန်းခဲ့ရသော်လည်း အခြားစာရေးဆရာတို့ ၏ လက်ရာအတွက် အမှာ ရေးသားဖို့ ကြုံကြိုက်မည်ဟု မည်သည့်အခါမျှ မထင်မှတ်ခဲ့။ ဝန်လေးမှုလည်း ပါ၏။ မလွှဲမကင်းသာမှ ရေးဖို့ စိတ်ကူးမိသည် ။ လုပ်ငန်းတာဝန်အရ စာတည်း၊ အယ်ဒီတာ တာဝန်ထမ်းရွက်စဉ် ကာလအတွင်း စာမျိုးစုံအောင် တည်းဖြတ်ခဲ့ရ၏။ အကြိုက်တွေ့သည် ဖြစ်စေ၊ မတွေ့သည် ဖြစ်စေ၊ ဆန္ဒနှင့် ကိုက်ညီသည် ဖြစ်စေ၊ မကိုက်ညီသည် ဖြစ်စေ၊ ကျွမ်းဝင်မှု ရှိသည် ဖြစ်စေ၊ ဝေးကွာမှု ရှိသည် ဖြစ်စေ၊ လု

ပ်ငန်းတာဝန်အရ စာမူမှ စာအုပ်ဖြစ်သည် အထိ ဆောင်ကြဉ်းပေးခဲ့ရ၏ ။ သို့ဖြင့် ဝတ္ထု၊ ကဗျာ၊ စာပဒေသာ၊ ကျမ်းစာ၊ သုတေသန၊ သိပ္ပံ၊ ဝိဇ္ဇာ ဘာသာရပ် စုံလင်သွားသည် ။

ယင်းသို့ ဖတ်ရှုတည်းဖြတ်ရင်း စွဲမက်သော လက်ရာများ စွာ ရှိဖူးရာ စာရေးဆရာ ကျွန်းစဉ်မြေစောခက်၏ ဝတ္ထုတို လက်ရာများ လည်း ပါဝ င်ပေသည် ။ စာပေဗိမာန် စာမူဆု၊ ပခုက္ကူစာပေဆုရ စာမူများ ဖြစ်ပြီး ရ ပ်ဓလေ့၊ ရွာဓလေ့ ဘဝသရုပ်ဖော် လောကအတွေးအမြင် ပေးသောစာမူ များ ဟူ နားလည်ထား၏။ စာရေးဆရာကို လူချင်းမတွေ့ဖူးမီ လွန်ခဲ့သ ည့် ဆယ်စုနှစ် တစ်စုခွဲခန့်ကပင် စာပေကြောင့် သိရှိခဲ့၏။ မှူခင်းဝတ္ထု၊ ဟာသဝတ္ထု၊ ဘဝသရုပ်ဖော် ဝတ္ထုများကြောင့် ဖြစ်သည် ။

သို့ရာတွင် တစ်ခုသော ပခုက္ကူဦးအုံးဖေ စာပေဆု ချီးမြှင့်ပွဲအတွက် ပခုက္ကူမြို့၌ ကျင်းပသည့် ခရီးတွင် အတူသွားလာခွင့် ဆုံစည်းခွင့်ရသည် ။ ခရီးသွားဖော်များ သည် စရိုက်မှန် ပေါ်လွေ့ရှိရာ သူ၏ ရိုးသား ဖြူစင်ပွ င့်လင်းမှုကို သတိထားမိပြီး ကျွန်တော့်ကို ခင်မင်ရာခင်မင်ကြောင်း ပြ သသည် ။ စာအကြောင်း ပေအကြောင်းတွေ ပြောဖြစ်တော့သူ၏ ရုန်းက န်ကြိုးစားခဲ့ရသည် တိုင်းရင်းသားတစ်ဦး၏ အခြေအနေ၊ ဝါသနာအရ အခြေချလုပ်ကိုင်သည့် ပညာရေးဝန်ထမ်း ကျောင်းဆရာတစ်ဦး၏ ဘဝ စရိုက်များကို နားလည်ခွင့် ရလိုက်၏။

ကျွန်တော်ကိုယ်တိုင် ကျောင်းဆရာတစ်ပိုင်း ဖြစ်ခဲ့ဖူးရာ စာပေဗိမာ န်က ဘာသာပြန် စာမူဆုအတွက် ပြဋ္ဌာန်းခဲ့သည့် "A teacher is many t hings" "ဆရာ့လုပ်ငန်း အခန်းအထွေထွေ"ဆိုသည့် စာအုပ်များကို သတိ ရမိသည် ။ တာဝန်တွေ လုပ်ငန်းတွေ များ လှသော ဆရာတို့ ၏ ဘဝကို နားလည် ခံစားမိသည် ။ ဆရာ (TEACHER) ဟူသော အင်္ဂလိပ်ဝေါဟာရ

ကပင် တစ်လုံးချင်း အဓိပ္ပာယ် ရှိနေသည် ။ Talented,Educated,Active, Clever,Honest,Expert, Research တို့ ဖြစ်လေသည် ။

ပညာရေး ဝန်ထမ်းလည်း ဖြစ်၊ စာရေးဆရာလည်း ဖြစ်သော ကျွန်းစဉ်မြေ စောခက်သည် ဆရာကောင်း တစ်ယောက်၏ ပါရမီရှိပြီ၊ ဝါသနာနှင့် ကျွမ်းကျင်မှု ပေါင်းစပ်သူ၊ တက်ကြွသူ ဖြစ်သည် ဟု နားလည်ထားမိသည် ။

အခု သူက "ပြေးလမ်းပေါ်က အားမာန်များ နှင့် အခြားပညာရေး ရသ ဝတ္ထုတိုများ "ကို စာအုပ်အဖြစ် ရေးလာပါပြီ။ ကျွန်တော့်ကို အမှာစာ ရေးခိုင်းသည် ။ ဖတ်ကြည့်တော့ဝတ္ထုတို အတတ်ပညာတွေ ရသတွေ ခံစားမှုတွေ၊ အထွေထွေမြင့်မြတ်သော ပညာရေး ဝန်ထမ်းဘဝတွေကို ပိုမိုသိခွင့် ရတော့သည် ။ ပြီးတော့ ဘဝသရုပ်ဖော် အကြောင်းအရာတွေက စာပေရေး၊ ပညာရေးတွေနှင့် ယှက်နွယ်နေပြန်သည် ။ ရသစုံ၊ အမြင်စုံ ဖန်တီးနိုင်သည် ဟု ယူဆမိသည် ။ ထူးခြားသည် က ဒေသန္တရဗဟု သုတတွေဖြစ်ရာ မရောက်ဖူး မပေါက်ဖူး သူတို့ အတွက် သုတပွားရသည် ။

အမှာ စာရေးဖို့ တာဝန်ပေးအပ်ခံရသည့် ကျွန်တော့်အဖို့ "ဆင်ခေါင်းခွေးမချီနိုင်" ဖြစ်ရပေသည် ။ သို့သော် ချီနိုင်အောင် ချီရတော့သည် ။

ကျွန်တော်က "ဘဝပုံရိပ် ဝတ္ထုတိုစာစုနှင့် ကျွန်းစဉ်မြေစောခက်"ဟု ကင်ပွန်းတပ်ချင်ပါသည် ။ သဘောချင်း မျှမမျှခြင်းက သီးခြားကိစ္စ ဖြစ်ပါလိမ့်မည်။ လက်လှမ်းမီပါက ဖတ်ကြည့်ဖို့ တိုက်တွန်းလိုပါ၏။ ရသသို့မဟုတ် သုတ တစ်ခုခုတော့ ရပါလိမ့်မည်။ ဘဝအားမာန်နှင့် ခံစားမှုကို ဝတ္ထုတို (၁၁) ပုဒ်စလုံး၌ တွေ့နိုင်ပါသည် ။

ကျွန်တော်၏ အမှာ က ရွှေဖလားကို ငွေနားကွပ်ဖို့ မလိုသော်လည်း

ခံစားတွေ့ရှိသည့်အတိုင်း တင်ပြခြင်းဖြစ်ပါ၏။

**ညွှန့်ဟံ(ကြို့တော)**
**တာဝန်ခံစာတည်း (အငြိမ်းစား)**
**စာပေဗိမာန်**

***

# သူနှင့် ကျွန်တော်

သူနှင့်ကျွန်တော်ကား အတော်တူသည် ။

သူသည် ငယ်ရွယ်စဉ် ကလေးဘ၀ကတည်းက ကျောင်းဆရာဘ၀ကို မြတ်နိုးခုံမင်၏။ ကျွန်တော်သည် လည်း ထိုနည်းတူပင်။ သူသည် ကျောင်းဆရာဘ၀ကို ခဲရာခဲဆစ် အမိအရ ဖမ်းဆုပ်ခဲ့ရ၏။ ကျွန်တော်သည် လည်း ထိုနည်းလည်းကောင်း။ ကျောင်းဆရာ ဖြစ်ချင်လွန်းလှသော သူသည် ဘ၀ရေဆန် ခရီးကို ရုန်းရကန်ရသည် ။ ပင်ပန်းဆင်းရဲ လွန်းလှ၏။ လောကဓံ၏ ဒဏ်ရာဒဏ်ချက်တို့ ဖြင့် ပြည့်နှက်နေ၏။ ရည်မှန်းချက်မြောက် ပန်းတိုင်ရောက်အောင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ ဖြင့် ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားခဲ့ရ၏။ ကျွန်တော်သည် လည်း ထို့နှယ်အလားတူ။

သူသည် ကျောင်းဆရာဘ၀ကို မြတ်နိုးစွာ ဖက်တွယ်ထား၏။ အနာဂတ်အတွက် သားကောင်း သမီးမွန်များ လေးများ ဖြစ်ပေါ်လာအောင် အစွမ်းကုန် စွမ်းဆောင်၏။ သို့နှင့် အားမရ။ အသိတိုး အကျိုးပြု စာကောင်းပေမွန်များကို ရေးသားပြုစုနိုင်သည့် စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားအားထုတ်ခဲ့၏။ သူ့ဆန္ဒအာသီသနှင့် ကျွန်တော့် ဆန္ဒအာသီသတို့ သည် ထပ်တူညီလွန်းလှပါဘိ။ ထို့ကြောင့် သူနှင့် ကျွန်တော်သည် ကား အတော်တူ၏ ဟု ဆိုရခြင်းဖြစ်ပါသည် ။

သူဆိုသည် ကား အနာဂတ်အတွက် ပန်းချီကားကို ပုံဖော်ဆေးခြယ် ပေးနေရင်း ယနေ့မျက်မှောက် စာပေလောကထဲသို့ ချင်းနင်းထွင်းဖောက် ဝင်ရောက်လာသော အောင်မြင်ထင်ရှား လူသိများ သည့် စာရေးဆရာ "ကျွန်းစဉ်မြေ စောခက်"ပင် ဖြစ်ပါသတည်း။

ဆိုခဲ့သည့်အတိုင်းပင် ဆရာ ကျွန်းစဉ်မြေစောခက်၏ ဝတ္ထုတို / ရှည်များ သည် ယနေ့စာနယ်ဇင်း စာမျက်နှာများ ပေါ်တွင် အခြေတကျ နေရာရလျက် ရှိနေပေပြီ။ ထို့အပြင် စာပေဗိမာန် စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆုများ နှင့် နိုင်ငံတော်အဆင့် စာပေဆုများကိုလည်း ဆွတ်ခူးရယူထားပြီ ဖြစ်သည် ။ အောင်မြင်သည့် စာရေးဆရာတစ်ဦး ဖြစ်နေပါပြီ။

ဆရာကျွန်းစဉ်မြေ စောခက်၏ ဝတ္ထုတို / ရှည်များကို မလွတ်တမ်းနီးပါး ကျွန်တော် ဖတ်ဖြစ်ခဲ့ပါသည် ။ ဆရာသည် ကား ကျောင်းဆရာဘဝနှင့် စာရေးဆရာဘဝကို ဖက်တွယ်ထားသူဖြစ်ရာ ကျောင်းဆရာတစ်ယောက်၏ ဖြူစင်သန့်ရှင်း တောက်ပသော စေတနာက စာရေးဆရာ ကျွန်းစဉ်မြေစောခက် အပေါ်မှာ ထင်ဟပ်၍ နေပေတော့၏။ ထိုသို့ဆိုရခြင်းမှာ ကျွန်တော်ဖတ်မိသော ဆရာရေးဖွဲ့သည့် ဝတ္ထုတိုရှည်တိုင်းတွင် ကျောင်းဆရာတစ်ဦး၏ စေတနာများ ပေါ်လွင်နေသောကြောင့် ဖြစ်ပါသည် ။

ကျောင်းဆရာတစ်ယောက်သည် တပည့်အပေါင်းတို့ ၏ ဘဝပေါင်းမြောက်မြားစွာကို ထိတွေ့ဆက်ဆံနေကြရ၏။ ထို့ကြောင့်လည်း ကျောင်းဆရာတစ်ယောက်သည် တပည့်အမျိုးမျိုးတို့ ၏ ဘဝပေါင်းထိုထိုတို့ ကို ထဲထဲဝင်ဝင် တွေ့မြင်နေရပေတော့၏။ တပည့်အပေါင်း၏ ဘဝအထွေထွေက ကျောင်းဆရာတစ်ယောက်၏ ရင်ထဲသို့ ထိုးဖောက်ဝင်ရောက် လာတော့၏။ မဝေခင်နွမ်းပြီး မလန်းခင် ကြွေရရှာသော ပန်းက

လေးများကို တွေ့မြင်ရသည့်အခါ နာကျင်ရလွန်းပါဘိ။ ပန်းတိုင်းပွင့်ပြီး ပွင့်သောပန်းတိုင်း လန်းစေချင်၊ မွှေးစေချင်သော ဆရာကြီးဦးဘညွန့် ( သို့မဟုတ်) စာရေးဆရာ ကျွန်းစဉ်မြေ စောခက်သည် ကလေးတို့ ၏ ဘ ဝအထွေထွေကို အလှဝေဝေ၊ ခြေမြင့်မြင့် အနေတင့်စေရအောင် စေ့ ဆော်နှိုးဆွ ပေးချင်သည့် စေတနာကြောင့် ဘဝသရုပ်ဖော် ဝတ္ထုတိုရှည် များ ဖြစ်ပေါ်လာရချေတော့၏ ဟု ဆိုရပေတော့အံ့။

အကြောင်းတိုက်ဆိုင်လာသည် ။ မမျှော်လင့်ဘဲနှင့် ဆရာကျွန်းစဉ်မြေ စောခက် ကျွန်တော့်ဆီ ရောက်လာသည် ။ လက်ဖက် ရည်ဆိုင်သွားပြီး လက်ဖက်ရည် သောက်ဖြစ်ကြသည် ။ လက်ဖက်ရည် ဝိုင်းမှာ ပင် ဆရာ့ဘဝ၊ ဆရာ့လုပ်ငန်း အခန်းခန်း အထွေထွေတို့ ကို ပြောဖြစ်ကြ၏။ ကဗျာလမ်း စာလမ်းပေါ်က ကဗျာအကြောင်း စာအကြောင်းတို့ ကိုလည်း ပြောဖြစ်ကြ၏။ စကားဆိုမြည် ဝိုင်းကြီးစည် နေဆဲမှာ ဆရာက သူ့လက်တွင် ရှိနေသောနာရီကို ငုံ့ကြည့်လိုက်သည် ။

"ကျွန်တော် ပြန်ဦးမယ်ဗျာ။ နောက်မှ အေးအေးဆေးဆေး တွေ့ကြ သေးတာပေါ့"

ဆရာက ပြောပြောဆိုဆိုဖြင့် လက်ဆွဲအိတ်ကြီးကို ဆွဲဖွင့်လိုက်သည် ။ လက်ဆွဲအိတ်ထဲက စာရွက်ထပ်ကို ထုတ်ယူနေသည် ။

"ဆရာဖတ်ဖို့ ယူလာခဲ့တဲ့ စာမူပါ။ ဖတ်ကြည့်ပေးပါဦးဗျာ"

ဆရာက သူ့စာမူကြမ်း အထပ်လိုက်ကို ကျွန်တော့်လက်ထဲ ထည့် ပေးခဲ့ပြီး ပြန်သွားသည် ။ ကျွန်တော့်လက်ထဲတွင် ရောက်လာသော စာမူ ကြမ်းကို ဖတ်ကြည့်လိုက်သည် ။ စာမူခေါင်းစဉ်"ပြေးလမ်းပေါ်က အား မာန်များ နှင့် အခြားပညာရေး ရသ ဝတ္ထုတိုများ "ဟူ၍ ဖြစ်ပါသတည်း။

စာမူခေါင်းစဉ်က ကျွန်တော့်ကို ဖမ်းစားနေလေပြီ။

သို့နှင့် ရှေ့စာမျက်နှာများကို ဆက်တိုက်ဖတ်ဖြစ်သွား၏။"**သိုက်မြုံတစ်ခု၏ ပဉ္စလက်ဒိုင်ယာရီ၊ ခွင့်လွှတ်ပါ အမေရယ်၊ ဆန်တက်ချိန်မှာ ဆန်လာနိုင်ပါဘိ စုန်ဆင်းချိန်မှာ စုန်လာနိုင်ပါဘိ၊ စီးကျမျက်ရည် ပီတိမည်စေ၊ အရည်ရွှမ်းသော သစ်သီးတစ်လုံး၏ ပီတိပုံပြင်၊ ထုဆစ်သည့်အလှ ချိုမြိန်သည့်ရသ၊ ပြေးလမ်းပေါ်က အားမာန်များ ၊ မျက်ရည်များကြားက အလင်းတံခါး၊ လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည် ၊ သံယောဇဉ် တောင်တန်းပေါ်က ကောင်းကင်သစ်၊ ပန်းအစစ်ပေမို့ နွမ်းညစ်မပြယ်**"ဝတ္ထုတို (၁၁) ပုဒ်က ကျွန်တော်၏ နှလုံးအိမ်ထဲသို့ စီးဝင် လာလေတော့၏။

ရသစာပေကို ဖန်တီးနိုင်စွမ်းသော ဆရာကျွန်းစဉ်မြေ စောခက်သည် ရသစာပေ အရေးအဖွဲ့ကို နိုင်နင်းကျွမ်းကျင် လှပါဘိတောင်း။ ဆရာ့ဝတ္ထုများကို ဖတ်ရင်းက ရင်နင့်ဖွယ်ရာများ ၊ လွမ်းမောဖွယ်ရာများကို ခံစားရသလို အားကျ အတုယူဖွယ်ရာများကိုလည်း သိမြင်ခံစားရ၏။ အားသစ်မာန်သစ်များ တိုးပွားခဲ့ရပါ၏။ နိုးကြားခဲ့ရပါ၏။ ထို့ကြောင့် ဆရာ့ကို အထူးကျေးဇူး တင်မိပါ၏။ ဂုဏ်ယူလေးစား မိပါ၏။

ဆရာ ကျွန်းစဉ်မြေစောခက်က "ပြေးလမ်းပေါ်က အားမာန်များ နှင့် အခြားပညာရေး ဝတ္ထုတို့ များ "ကို ကောင်းမြတ်သော စေတနာအရင်းခံဖြင့် ရသစာပေအဖြစ် ထားသည် ဖြစ်ရာ ဖတ်ရသူတိုင်းအတွက် အသိနိုးကြား အသိတိုးပွားလာမည်မှာ သေချာပါဘိ။ ရဲဝံ့စွာ ဆိုရပေဦးမည်။ ဆရာကျွန်းစဉ်မြေစောခက်၏ "ပြေးလမ်းပေါ်က အားမာန်များ နှင့် အခြား ပညာရေး ဝတ္ထုတိုများ "သည် ဆေးခါးကြီးကို သကာဖုံးပေးထားသော ရသစာပေမျိုး မဟုတ်ပါဟူ၍ ...။

ရေနံ့သာမောင်ကျော်ညွန့်
၂၇၊၆၊၂၀၀၉(ည ၁၁ : ၀၀)

***

# သိုက်မြို့တစ်ခု၏ ပဉ္စလက်ဒိုင်ယာရီ

ကျောက်ဖြူနှင့် သရက်တောင် ပြေးဆွဲနေသော စက်လှေကလေးသည် သရက်တောင်ရွာအား ကျောခိုင်းပြီး ခပ်သွက်သွက် မောင်းထွက်လိုက်သည် ။ စက်လှေနောက်မှ ရေယက်ကလေးများက ရွာကမ်းနဖူးအား ထိတွေ့နှုတ်ဆက်လိုက်ကြ၏။ ရွာချောင်းတစ်လျှောက် ဓနိတန်းကလေးများကလည်း လေအနေ့ာတွင် လက်ကလေး တယမ်းယမ်း ခေါင်းကလေး တယမ်းယမ်း တညိတ်ညိတ်ဖြင့် နှုတ်ဆက်လျက်။ စိမ်းညို့သည့် ရွာကလေးကတော့ ကျွန်တော်တို့ မိသားစုအတွက် ဝမ်းနည်းလေဟန် မှုင်းမှိုင်းညို့ညို့။

ကျွန်တော်တို့ မိသားစု မြို့သို့ပြောင်းရွှေ့ခြင်းကား ပိုက်ဆံချမ်းသာ၍ မဟုတ်။ ကြည့်တော့ ဟုတ်သလိုလို။ အဖေက စီးပွားရေးသမား။ လှေကြီးတစ်စင်းဖြင့် ခရီးသွားသည် ။ ကုန်ကူးသည် ။ အရောင်းအဝယ် လုပ်သည် ။

ယခုလည်း အဖေမရှိ။ လှေကြီးတွင် မျောသစ်တွေ အပြည့်ထည့်ပြီး စစ်တွေမြို့သို့ သွားလေပြီ။ အဖေက အိမ်ဦးနတ်ဆိုတော့ မသွားမီကပင် အစစစီစဉ်ခဲ့သည် ။ ကျောက်ဖြူသို့လိုက်ပြီး မြစ်တန်းနား ရပ်ကွက်မှာ အိမ်တစ်ဆောင် ငှားထားခဲ့သည် ။ သူမရှိလည်း အရေးမကြီး၊ သွားနှင့်ကြဆိုသည့် သဘောမျိုး။ ကျောင်းတွေကလည်း ဖွင့်တော့မည်ကိုး။

"ဖြစ်ပ့ါမလား မစောမေရယ်၊ အသေအချာကော စဉ်းစားပြီးကြပြီ လား၊ မြို့အရပ်ဆိုတာ ပိုက်ဆံရှိမှ ရပ်တည်နိုင်တာ၊ ခု နင်တို့ မှာ နင့် ယောက်ျားက ကုန်ကူးတယ် ဆိုပေမယ့်လည်း အကျိုးအမြတ်လည်း ရှိ သံမကြားဘူး၊ ကလေးတွေက ငါးယောက် ကြီးများ တောင်ဆိုတော့ တ စ်နေ့တစ်နေ့ ဈေးထွက်ဖို့ လွယ်မလား၊ စဉ်းစားကြပါဦးဟယ်"

ကျွန်တော့်ကြီးကြီး ဒေါ်စောလှိုင်သည် ခေါင်းကိုခပ်ကြမ်းကြမ်း ခြစ် လိုက်ပြီး ဆေးလိပ်မီးညှိလိုက်သည် ။

"ဒါက ဒီလိုရှိတယ် အစ်မ၊ အခု ကိုထွန်းစိန် ခရီးထွက်သွားတယ်၊ ဒီ တစ်ခေါက်ရှိတာတွေ အကုန်ထုခွဲပြီး ရင်းသွားတာ၊ သူပြန်လာတော့ အ ရင်းရော အမြတ်ပါဆိုတော့ အိမ်ဆိုင်လေးဖွင့် ရောင်းနိုင်မယ်၊ ဝယ်သူနဲ့ တည့်ရင် အဲဒီလှေကြီးကိုပါ ရောင်းပစ်ခဲ့မှာ "

အမေက မြို့ပြောင်းမည့် စီမံကိန်းကို ချပြလိုက်သည် ။

"အခု နင်တို့ ပြောင်းမှာ က သားကြီးလှမိုးကို ကျောင်းထားဖို့ ကိစ္စက အဓိက မဟုတ်လား"

ကြီးကြီးက အမေ့အား စူးစမ်းသည့် မျက်လုံးများ ဖြင့် ကြည့်လိုက်ပြ န်၏။ ဆေးပြင်းလိပ်ကိုလည်း ခပ်နာနာ တစ်ချက်ဖွာလိုက်သည် ။

"ဟုတ်တယ် အစ်မ၊ သားကြီးက လေးတန်း အောင်ကတည်းက မြို့ပြောင်းထားခဲ့တာ၊ ခု လူပျိုပေါက် အရွယ်ဝင်လာတော့ နေမကောင်း ခဏခဏဖြစ်တယ်၊ ဒါကြောင့် မနှစ်ကလည်း ရှစ်တန်းမှာ တစ်ခါကျပြီးပြီ၊ သူများ အိမ်မှာ ဆိုတော့ ဒီပုံစံမျိုးနဲ့ လက်ခံမယ့် အိမ်ရှင် ကလည်း မကြည်ဖြူချင်ဘူးလေ၊ သားကြီးအနေနဲ့ လည်း စိတ်အားငယ် တာပေ့ါရှင်"

အမေ့မျက်ဝန်းတွင် ကြေကွဲရိပ်တစ်ခု သန်းသွားသည်။

"ရှင်းရှင်းပြောရရင်တော့ ငါ့အနေနဲ့ သိပ်ဘဝင် မကျချင်ဘူးကွယ့်၊ မြို့ရောက်တော့ကော ဒီသား ဒီသမီး တစ်ထွေးကြီးနဲ့ ဘယ်ကဘယ်လို စလုပ်မှာ လဲ"

ကြီးကြီးကတော့ လူကြီးပီပီ စိုးရိမ်စိတ်နှင့်အတူ ကရုဏာစေတသိက်က လွှမ်းမိုးနေသည်။

"အခု သုံးလစာဆန်ကတော့ ဒီကပါသွားမှာ ပါ၊ ဈေးထွက်ဖို့ အတွက်ကိုလည်း တစ်လစာလောက်က ကိုထွန်းစိန် ချန်ထားခဲ့လို့ ရှိပြီးသားပါ"

အမေကလည်း သားသမီး သံယောဇဉ်တရားကြောင့် မြို့သွားလိုသောဆန္ဒက မင်းမူနေသည်။ "ငါ့သားကြီးက ကျန်းမာရေး မကောင်းဘူး၊ သူများ အိမ်မှာ ဆို သိမ်သိမ်ငယ်ငယ် နေရရှာမှာ "ဤအတွေးက အမေ့အား အထပ်ထပ် ရစ်ပတ်ခဲ့လေပြီထင့်။ အမေ့ရဲ့ ဆုံးဖြတ်ချက်က ပြတ်သားလှသည်။

ရွာမှ မလာမီက အမေနှင့်ကြီးကြီးတို့ ပြောနေကြသော စကားများကို အကြိမ်ကြိမ် ကြားနေမိသည်။ ကျွန်တော့်မှာ မိသားစုနှင့် အတူလာရသည် တော့မှန်၏။ သို့သော် ကျွန်တော်၏ အဈွတ္တရင်ပြင်သည် သိသိသာသာကြီး လှုပ်ရှားနေသည်။ ကိုယ့်မိသားစုက ကြိုးဝိုင်းထဲက တက်ထိုးနေသလိုပဲ။ "ပိန်လှီတဲ့ ခန္ဓာလေးနဲ့ ဟိုကောင်ကြီးကို လှဲနိုင်ပါ့မလား "ဆိုသည့် ရင်တွင်းခံစားချက်သည် အားငယ်မှု တစ်ဝက်ခိုတွဲ နေလေသည်။

အမေ့စိတ်အစဉ်သည် အဖေ့ဆီရောက်သည့် အခါရောက်၊ ပစ္စက္ခရင်ခွင်တွင်းသို့ ဝင်သည့်အခါဝင်၊ ရွှေလိပ်ပြာ တောင်ပံခတ်သလိုလို ရှိလိမ့်မည်။ ကျွန်တော့်ညီမလေးကတော့ အပျိုဖြန်းအရွယ်မို့ နည်းနည်း စဉ်း

စားတတ်နေပြီ။ ခွေခွေကလေးလှဲပြီး ပါလာသည် ။ တစ်ခုခုကို စဉ်းစား နေသလိုပါပဲ။ အလတ်ကောင် နှစ်ကောင်ကတော့ ချောင်းကမ်းဝဲယာ တစ်လျှောက် ချာလပတ်လည်ကာ ကျန်ရစ်ခဲ့ကြသည့် ကမ်းစပ်သစ်ပင်ကြီး တွေကို ကြည့်ပြီး ပျော်မြူးနေကြ၏။ လက်ညှိုးကလေးတွေ တယမ်းယမ်းထိုးပြီး တဟေးဟေး အော်နေကြသည် ။ အငယ်ကောင်ကတော့ အစားကလည်း ခပ်ကြူးကြူးမို့ ပါလာသည့် ငှက်ပျောသီးများကို ဖွဲ့နပဲကြီးကြီးနှင့် ခဲနေ၏။ အမေက အိမ်ထောင်ပြောင်း မိသားစု၏ ခေါင်းဆောင်ပါပဲ။ ရဲဆေးတင်ပြီး လာခဲ့ရသော်လည်း အမေ့ရင်မှာ ဝေဒနာ တစ်ခုတော့ ရှိနေသယောင်။ သားသမီး သံယောဇဉ် တရားကြောင့် ဖြစ်တည်ခဲ့ရသော အမေ့ရဲ့ စွန့်စားမှုဟာ ရင်သပ်လောက်တယ်ဆိုတာ ကျွန်တော် နောက်မှ သိခဲ့ရသည် ။ မြို့ဆို တစ်ခေါက်မှ မရောက်ဘူးခဲ့တဲ့ အမေ။ အမေက ကျွန်းစဉ်သူဆိုတော့ စက်ဘီး၊ ဆိုက်ကား ဘာမျှမမြင်ဖူး။ ကား ဆိုရင်တော့ ဝေးချေသေးရဲ့ ။ သည် တော့ မြင်မြင်သမျှ အမေ့အတွက် အဆန်းချည်း ဖြစ်နေသည် ။ ကျွန်တော့်မှာ အမေမေးသမျှ ရှင်းပြရသည် ။

အမေ့မှာ မြို့သို့ရောက်ပေမယ့် မြို့ထဲသို့ မထွက်ဖြစ်။ ထွက်လည်း မထွက်တတ်။ ရွာမှာ လိုပဲ သားသမီးကိစ္စ၊ အိမ်မှုကိစ္စတွေနဲ့ လုံးထွေးနေတတ်သည် ။ အမေ့ကို ဈေးသွား၊ ဈေးဝယ်အတွက် နှစ်ရက်လိုက်ပြ ပေးရသည် ။ နောက်တော့ အမေ သွားတတ်လာသည် ။ ကျွန်တော်ကတော့ ကျောင်းနှင့်မို့ မအား။ ညီမလေးကိုလည်း ကလေးဆိုတော့ ချိန်ချိန်ဆဆ မဝယ်တတ်မှာ စိုးလို့ မလွှတ်။ အမေပဲ ဈေးဝယ်သည် ။ အမေပဲ ချက်ပြုတ်သည် ။ အမေပဲ ခူးခပ်ကျွေးမွေးသည် ။ မနက်စာ စားဖို့ ဟင်း၊ ညစာ စားဖို့ ဟင်း မျှရသည် ကိုး။

ကျွန်တော့်အပြင် ညီလေး နှစ်ယောက်ကိုလည်း ကျောင်းအပ်ရသည်

။ ကျောင်းစရိတ်ကိုတော့ ချွေတာ၍ မရ။ ကျောင်းစည်းကမ်း သတ်မှတ်ချက်အတိုင်း သွင်းရသည် ။ ကျွန်တော်တို့ ညီအစ်ကို သုံးယောက်ကိုကျောင်းအပ်သည့်နေ့က ခါတိုင်းနေ့တွေလို အမေစကားမပြော။ ခပ်မှိုင်မှိုင် ဖြစ်နေသည် ။ ညနေစာ စားကြတော့ ခူးခပ်ပြီးသည် နှင့် အမေက ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်သည် ။ အမေက ကျွန်တော့်ရှေ့ တည့်တည့်။ အမေ့ရဲ့ ခပ်ညှိုးညှိုး မျက်နှာဆီသို့ ကျွန်တော့်အကြည့်ကရောက်သွားသည် ။

ကျွန်တော့်ရဲ့ အမြင်အာရုံဟာ အမေ့ဆီသို့ အရောက်မှာ တော့ ကျွန်တော့်ရင် တစ်ခုလုံး ခပ်ပြင်းပြင်း မြင့်တက်သွားသည် ဟု ထင်လိုက်ရသည် ။ အဖေနဲ့ အမေ့ရဲ့ အိမ်ထောင်ဦးပစ္စည်း၊ ဘာအရေးပဲတွေ့တွေ့ လက်ထိမခံခဲ့တဲ့ ပစ္စည်း၊ အမေ့ရဲ့ ရတနာပစ္စည်း၊ ကျောက်စီနားတောင်းလေး မရှိတော့ပါလား။ အမေ့ နားပေါက်ကြီးက ဟောင်းလောင်းကြီးလင်းလို့ ။ အမေအိပ်ရာထစ မျက်နှာသစ်တုန်း လုပ်လှဲလုပ်လီ မြင်လိုက်ပါသေးသည် ။ ခု မရှိတော့။ ကျွန်တော့်မှာ ထမင်းကို ဆက်မစားဖြစ်တော့။ ကျွန်တော့်ရဲ့ အသိရပ်ဝန်းထဲမှာ ဝေဒနာတစ်ခုက ရုတ်ခြည်း ခြေကုပ်ယူသွားသည် ။

"သား စားလေ၊ ဘာငေးနေတာလဲ၊ ဟင်းမကောင်းလို့ လား"

အမေသိမှာ ပါ။ ကျွန်တော့် ခံစားချက်ကို အမေသိမှာ ပါ။ အမေက ဒီလောက်ပြဿနာနဲ့ မမှုလောက်ပါဘူး ဆိုတဲ့ သဘောမျိုးနဲ့ ကျွန်တော့်စိတ်ကို ဖြေသိမ့်တဲ့ စကား။ ကျွန်တော်နားလည်တာပေါ့ အမေ။ အမေပြုံးပြပေမယ့် အမေ့အပြုံးဟာ အသက်မဝင်ဘူး။ အင်အားမဲ့နေသည် ။ အမေဘယ်လောက် ခံစားနေရတယ်ဆိုတာ သိပါတယ် အမေ။

ညီမလေးနှင့် ညီလေးတွေကတော့ အမေ့ရဲ့ မျှဝေစာလေးတွေနဲ့ ငြိမ်

သက်နေကြလေရဲ့ ။ အမေ့ရဲ့ အဆုံးအမအောက်မှာ ကြီးပြင်းလာခဲ့ကြတဲ့ ညီလေး၊ ညီမလေးတွေ ဘာနဲ့ ပဲ စားရစားရ၊ မကျေမချမ်း မဖြစ်ကြ၊ ခိုက်ရန်မများကြ၊ ရှိတာလေးနဲ့ တင်းတိမ်ခဲ့ကြသည် ။

"အမေ့နားတောင်းလေး မရှိတော့ပါလား အမေ"

ညနေပိုင်း မြစ်ပြင်ဘက်ငေးပြီး ထိုင်နေတဲ့ အမေ့ကို မေးမိသည် ။

"ဒီနေ့ သားတို့ သုံးယောက် ကျောင်းအပ်ဖို့ ပိုက်ဆံမမီတာနဲ့ အမေတို့ ရွာက ပြောင်းနေတဲ့ ဒေါ်မေကျန်ကို ရောင်းခိုင်းလိုက်ရတယ်"

အမေ တိုးတိုးလေးပဲ ဖြေရှာသည် ။ အမေ့အသံက နည်းနည်း တုန်နေသလိုပဲ။

"သြော် အမေရယ်"

ထိရှတဲ့ ဒဏ်ရာက ကျွန်တော့်ဆီ ကူးစက်လာခဲ့တော့သည် ။

"သား ဘာမှ စိတ်မပူနဲ့ နော်၊ မင်းအဖေရောက်ရင် ချက်ချင်းပြန်ဝယ်လိုက်မှာ ပေါ့ သားရယ်၊ သား စာပဲကြိုးစားပါ။ သား ပညာတတ်ဖြစ်ရင် အမေပျော်ပါပြီ၊ သားအဖေဆို သားကို ဘယ်လောက် ချစ်ရှာသလဲ ကြည့်၊ သရက်တောင် တစ်ရွာလုံးမှာ ဘယ်သူ ခုလိုစာသင်သလဲ၊ သေစာရင်စာကလေး တတ်ရင် လယ်ထဲ၊ ယာထဲ ဆင်းကြတာပဲ မဟုတ်လား၊ အဖေတို့ ၊ အမေတို့ ကျေးဇူးကိုသိရင် သား စာကြိုးစားနော်"

အမေ့ရဲ့ ဖြေသိမ့်စကားဟာ လိမ္မာလွန်းလှသည် ။ ကျွန်တော့်ကို ဆုံးမတဲ့ အသွင်ကို သွယ်ဝိုက်ပြီး ကူးပြောင်းသွားသည် ။ သိပ်တော်တဲ့ ကျွန်တော့်အမေ။

သားကို ချစ်ဇောနဲ့ တစ်ခါမျှ မရောက်ဖူးတဲ့ မြို့ပြသို့ သားသမီး တစ်ပြုံတစ်ခေါင်းကို လက်ဆွဲပြီး တက်လာရဲတဲ့ အမေ။

သူရဲကောင်းမကြီး အမေ။

***

မိုးရာသီ တစ်ဝက်တိုင်ခဲ့ပေပြီ။ အဖေမရောက်သေး။ "မင်းတို့ သွားနှင့်ကြ၊ ငါအလွန်ဆုံးကြာ တစ်လပဲ"။ အဖေမသွားမီ အမေ့ကို မှာ ခဲ့သည့်စကား။ ခု သုံးလရှိပြီ။ အကြောင်းတစ်ခုတော့ ထူးနေပြီ။ အဖေမရောက်သည် မှာ စဉ်းစားစရာ ဖြစ်နေသည် ။ အမေ့မှာ အဖေ့သတင်းကို မည်သို့စုံစမ်းရမှန်းမသိ။ အမေ့အတွက် ရင်တွင်းဝေဒနာက ရင့်သန်လာခဲ့သည် ။ နိစ္စဓူဝ မိသားစု စားဝတ်နေရေး ပြဿနာ အမေ ခါးစည်း ခံနေရသည် ။ အဖေရှိလျှင်တော့ အမေ ဒုတိယလူပါပဲ။ ခုတော့ အဖေ့တာဝန်ရော အမေ့တာဝန်ပါ အမေ့ခေါင်းပေါ် ပုံကျနေသည် ။

တတိတိနှင့် တိုက်စားနေသော အမေ့ဝေဒနာကို ကျွန်တော်သိသည် ။ ကျွန်တော့်မှာ တစ်ခါတစ်ခါ ကျောင်းမှ ထွက်ပစ်ချင်သည် ။ အမေ ဘယ်လိုမှ လက်ခံမည်မဟုတ်၍ သာ နှုတ်ဆိတ်နေရခြင်း ဖြစ်သည် ။

ကျွန်တော်တို့ မိသားစုမှာ ရောက်စတုန်းက ငါးကလေးဟင်း၊ ငါးစင်ရိုင်း၊ ငါးဝမ်းပူလို အခြေခံ လူတန်းစားတို့ ရဲ့ အမာခံဟင်းမျိုးဖြင့် ထမင်းဝိုင်းကို ပွဲထုတ်ခဲ့သည် ။ နှစ်လအကြာမှာ တော့ ပုစွန်ဆိတ်ကလေးနှင့် အရောရောချက်ထားတဲ့ ငါးကလေးဟင်းက နေရာယူလာသည် ။ ခုတော့ ပုစွန်ဆိတ်ကလေး တစ်ရက်၊ ကန်စွန်းချဉ်ပေါင် တစ်ရက် အလှည့်ကျတာဝန်ယူပြီး ကျွန်တော်တို့ မိသားစုရဲ့ သနားစရာ ဝမ်းခေါင်းတွေကို မျက်နှာချို သွေးနေကြရသည် ။

ကျွန်တော့်အမေမှာ အရှေ့ဖျားမှ ရှင်နေမင်းထွက်တိုင်း စားဖို့ ကိစ္စကို ကြံစည်ရသောဒုက္ခက မလွယ်။ စိတ်ထောင်းတော့ ကိုယ်ကြေလေသလားမသိ။ ကျွန်တော်သိရသလောက် ညီမလေးရဲ့ နားဆွဲလေး၊ စဥ့်အိုး၊ စားပွဲခုံကအစ ဈေးဖိုး ဖြစ်သွားခဲ့ပေပြီ။

ဘာကိစ္စရယ်မသိ။ အမေ ညီမလေးကို ရွာသို့တစ်ခေါက် လွှတ်လိုက်သည် ။ ညီမလေး ပြန်ရောက်လာတော့ ဆန်သုံးအိတ်ပါလာသည် ။ ကျွန်တော်မေးကြည့်တော့ ဆွေမျိုးတွေဆီက အကူအညီ ပေးလိုက်ကြတာတဲ့ ။

"ရွာပြန်ကြရအောင် အမေရယ်၊ ကြီးကြီးကလည်း ပြန်လာဖို့ မှာ လိုက်တယ်"

ညီမလေး၏ တိုးတိတ်နွမ်းလျသည့် ရင်တွင်းစကားသည် ကျွန်တော့် နှလုံးသားကို ဆွေးမြေ့စေသည် ။

"ညီမလေးပြောတာ မှန်တယ် အမေ၊ အမေတို့ ရွာပြန်ကြပါ၊ ကျွန်တော် ဦးနန္ဒမာလာ ကျောင်းမှာ နေခဲ့မယ်၊ ရတယ် အမေ"

"အို မဖြစ်ဘူးထင်တယ် သားရယ်၊ မင်းအဖေကိုယ်တိုင် စီစဉ်ခဲ့တဲ့ ကိစ္စပဲ၊ မင်းအဖေလည်း ရောက်တော့မှာ ပါ၊ အဲဒီမှာ အမြတ်ရဖို့ ဟာမျိုးတွေ့လို့ အရောင်းအဝယ်များ ထပ်လုပ်နေသလားမှ မသိတာ"

သည် စကားနဲ့ ပဲ အမေသည် ကျွန်တော်တို့ မောင်နှမတွေကို နှစ်သိမ့်ခဲ့သည် ။

***

တစ်မိုးတွင်းလုံး ယနေ့လို မိုးရွာသောရက်မျိုး မရှိသေး။ မနက်လင်းကတည်းက နေ့တစ်ဝက်တိုင်ခဲ့ပြီ၊ မိုးက မစဲသေး။ နေ့လယ်တစ်ချက်တီး ကျောင်းအဆင်းတွင် သားအငယ်နှစ်ယောက် တစ်ကိုယ်လုံး စိုရွဲပြီး ရောက်လာကြသည် ။

"အမေ သားကို အဝတ်လဲပေးပါဦး"

အငယ်ကောင်က အရေးဆိုလိုက်သည် ။ အမေက သားငယ်လေးကို ရီဝေစွာ ကြည့်နေသည် ။ သားငယ်ဟာ အမေ့ကိုကြည့်ပြီး ရှေ့တိုးလာသည် ။

"ပေးလေ အမေ၊ သားကို အဝတ်လဲပေးဦး"

"သားငယ်ရယ် မင်းမှာ လဲဖို့ အဝတ် ဘယ်မှာ ရှိသေးလို့ လဲ၊ ညတုန်းက တစ်စုံ သေးပေါက်လို့ စိုနေပြီ၊ မရှိတော့ဘူး သားရဲ့ "

အမေက ထုံးစံအတိုင်း ခပ်အေးအေးပဲ နှစ်သိမ့်လိုက်သည် ။

"ဒါဆို သား ဘာနဲ့ ကျောင်းသွားရမှာ လဲ အမေရဲ့ "

မုတ်သုံလေ တစ်ချက်ဝှေ့ဝိုက်ပြီး အခန်းထဲသို့ ဝင်လာသည် ။ အိမ်ရှေ့ခန်းတစ်ခုလုံး ရွှဲရွှဲစိုကုန်တော့သည် ။ လတ်တလောမို့ တံခါးပိတ်ထားချိန်ပင် မရလိုက်။ လျှပ်စီးတစ်ချက် ခပ်စူးစူး လက်လိုက်သည် ။ တစ်ဆက်တည်းပဲ မိုးခြိမ်းသံကြီးက မာန်အပြည့်ဖြင့် မြည်ဟည်းလိုက်၏။

"ဂလွမ်း...ဒိုင်း"

အိမ်ရှေ့အုန်းပင်မှ အုန်းလက်ခြောက်တစ်လက် ခပ်ပြင်းပြင်း ကြွေဆင်းလာသည် ။ အမေသည် မြစ်ပြင်သို့ ရီဝေစွာ ကြည့်နေ၏။

"ပေးလေ အမေ၊ အဝတ်လဲပေးဦး"

"ဒီတစ်ရက်တော့ မတက်နဲ့ ပေါ့ သားရယ်"

"မရဘူး အမေ၊ ဆရာမက ကျောင်းမပျက်ရဘူးတဲ့ "

"ခက်ပါလား သားလေးရယ်"

"အမေ မတရားဘူး သားကို ဘာမှ လည်း အဝတ်အစားအသစ် မပေးဘူး၊ မုန့်စားဖို့ ပိုက်ဆံလည်း တစ်ခါမှ မပေးဘူး"

"မင်းအဖေရောက်တော့ ပေးမှာ ပေါ့ သားရယ်"

"မရဘူး အမေ ခုပေး"

အမေ၏ အရှုတ္တသည် ဘယ်အတိုင်းအတာအထိ မြင့်တက်သွားသည် မသိ။ သားငယ်ရဲ့ လက်မောင်းတစ်ဖက်ကို ဆတ်ခနဲဆွဲပြီး ကျောပြင်ကို ဖုန်းခနဲ ရိုက်ချလိုက်တော့သည် ။ မိမိရှေ့တွင် မှောက်လဲသွားသော သားငယ်ကိုကြည့်ပြီး အမေ အိပ်ရာထဲသို့ ပြေးဝင်ပြီး ခေါင်းအုံးတွင် မှောက်ကာ မျက်ရည်များကို သွန်ချလိုက်တော့သည် ။

"အမေ ... အမေရေ ... ဧည့်သည် ရောက်နေတယ်"

သားအလတ်ကောင်က အိမ်ထဲသို့ လှမ်းခေါ်ရင်း အမေ့ကို အသိပေးလိုက်၏။ သည် ကောင်ကတော့ ရှိတဲ့ အဝတ်တစ်စုံကို လဲပြီးနေပြီ။

"ဧည့်သည် ၊ ဧည့်သည် ..."တဲ့ ။ ထူးခြားမှုတော့ ရှိတန်ကောင်းပါရဲ့ ။ အမေသည် လူးလိမ့်ထလိုက်၏။ ထဘီအထက်စကို ဆွဲပြီး မျက်ရည်များကို အလျင်စလို သုတ်ပစ်လိုက်သည် ။ အိမ်ရှေ့သို့ ခပ်သွက်သွက်ထွက်ပြီး လှမ်းကြည့်လိုက်၏။ မည်းခြောက်ခြောက် ပိန်ရှည်ရှည် လူတစ်ဦး။ ရေစိုအဝတ်တွေနဲ့ တံခါးဝတွင် မတ်တတ်ရပ်လျက်။ သည်လူက ပြုံးရယ်မပြ။ အမေကလည်း အပြုံးမရှိ။ အပြုံးမဲ့သည့် အကြည့်ချင်း ဆုံသွားကြသည် ။

"ဘာကိစ္စပါလဲ၊ အိမ်ပေါ်တက်ပါရှင်"

အမေ့ရဲ့ ဖိတ်မန္တကအပြီးမှာ လူကြီးက အိမ်ရှေ့ခန်းမှာ ပဲ ခြေတွဲလောင်းချပြီး ကိုယ်တစ်စောင်း လှည့်ထိုင်လိုက်သည် ။

"ကျွန်တော်က တပ်ရာရွာက ဦးဘအောင်ပါ၊ မြေပုံမြို့နယ်ကပါပဲ။ ဒီက ကိုထွန်းစိန်တို့နဲ့ ဆို သိပ်ခင်တာ၊ ကျွန်တော် စစ်တွေက လာခဲ့တာပါ "

အဖေ့နာမည် ကြားလိုက်တာနဲ့ အမေ့ရဲ့ မျက်ဝန်းသည် ချက်ချင်း လင်းလက်သွားသည် ။ ဦးဘအောင်ဆီက နောက်ထပ် ထွက်လာမည့် စကားများ အတွက် အသက်ပင် ပြင်းပြင်းမရှူဝံ့။ ဦးဘအောင်ဟာ မြစ်ပြင်ဘက်သို့ငေးကြည့်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည် ။ ဦးဘအောင်ဆီမှ ဘာသံမျှ ဆက်ထွက်မလာ။

"ကိုထွန်းစိန်ဆီက ဘာသတင်းများ ပါပါသလဲရှင်"

ဦးဘအောင်ရဲ့ ပွင့်လင်းမှုမရှိတဲ့ ပုံရိပ်ကြောင့် အမေကပဲ ထပ်မေးလိုက်သည် ။

"ဟုတ်ကဲ့ခင်ဗျာ ကိုထွန်းစိန်သတင်းကို ပြောမလို့ ပါပဲ၊ ကျွန်တော် လည်း စိတ်မကောင်းဘူးဗျာ"

အမေ့ရဲ့ မျက်လုံးအစုံဟာ ပိုမိုပြူးကျယ်သွားသလို တွေ့လိုက်ရသည် ။ လူရဲ့ အတွင်းစိတ်သည် မျက်နှာ၌ ထင်ဟပ်သည် ဟု ဆိုထားသည် ပဲလေ။ ခက်ပြီ။ အဖေတော့ တစ်ခုခုဖြစ်ပြီပေါ့။ ကျွန်တော့်ရဲ့ သွေးကြောမျှင်များ ဟာ ဖြုန်းခနဲ ရှန်းခါသွားကြသည် ။ ကျွန်တော်နဲ့ အမေ အားငယ်မျက်ဝန်းချင်း ဆုံတွေ့သွားကြသည် ။

"ကိုထွန်းစိန်တို့ လှေ ဆိပ်ခံတံတားအောက်ကို ရေတက်နဲ့ ဝင်ပြီး န

စ်မြုပ်သွားတယ်"

"ဟင်"

အမေနှင့် ကျွန်တော်၏ နှုတ်ဖျားမှ ပြိုင်တူထွက်တဲ့ အသံ။ အမေ၏ နှုတ်ခမ်းအစုံဟာ တဆတ်ဆတ် တုန်နေပေသည် ။ မျက်လုံးအစုံကို မှိတ်လိုက်ချိန်တွင် တော့ မျက်ရည်များ ဖြာဆင်းလာကြသည် ။ အမေ၏ မျက်ဝန်းအစုံမှ သွယ်ဆင်းလာသည့် စီးကြောင်းနှစ်သွယ်သည် အမေ၏ နှာတံလေး တစ်ဖက်တစ်ချက်ကနေ အမေ၏ တုန်လှုပ်နေသည့် နှုတ်ခမ်းနှစ်လွှာကြားမှာ ပေါင်းဆုံသွားကြသည် ။

"ကိုထွန်းစိန် မျောသစ်တွေ ရောင်းလို့ ရတဲ့ ပိုက်ဆံလည်း အဲဒီလှေ ဖော်ခနဲ့ တင် မမီချင်ဘူး အကြွေးတောင် တင်သွားတယ်တဲ့ "

ဦးဘအောင်ရဲ့ စကားအခွန်းတိုင်းသည် နှလုံးအိမ်ကို ချွန်စူးလေးနဲ့ ထိုးဆွနေသလိုများ ဖြစ်နေလေရော့သလား မသိ။ အမေသည် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါအောင်ထိ ငိုကြွေးနေပေပြီ။

"ကျောက်တော် မြို့နယ်ဘက်မှာ ပဲ အဲဒီလှေနဲ့ အ လုပ်သွားလုပ်မယ်တဲ့ ၊ ကြွေးမြီးတွေ ကျေလောက်မှ ပြန်လာတော့မယ်တဲ့ ၊ အဲဒါ ကိုထွန်းစိန်မှာ လိုက်လို့ ကျွန်တော် သတင်းလာပို့တာပါ"

ဦးဘအောင်လည်း စိတ်ကောင်းဟန်မတူ။ ပြောပြီးသည် နှင့် ထသွားတော့သည် ။ အမေ့ရှိုက်သံသည် မိုးနှင့်အပြိုင် ခပ်ကြမ်းကြမ်း ပေါ်ထွက်နေပေတော့သည် ။ ကျွန်တော်တို့ မိသားစု မျှော်လင့်အားထားခဲ့သော အဖေ၏ ခရီးစဉ် ခုတော့ အက်ဆစ်ထိသွားသည့် အထည်စလို ကြေမွသွားပါပေ့လား။ ကျွန်တော်တို့ မိသားစုအတွက်တော့ ပဲ့ကိုင်မဲ့သော လှေငယ်နှယ်။

***

"သားမှာ လက်စွပ် မရှိတော့ဘူး အမေ"

အမေ တွေတွေကြီး စိုက်ကြည့်နေသည် ။ ဘာမျှတော့ မပြော။ အမေ့ကို ပြောမိတာ ကျွန်တော် မှားသွားလေပြီလား။ ညှိုးရော်နေတဲ့ အမေ့စိတ်ဘဝင်ကို ပိုပြီးပူစေဖို့ များ ဖြစ်သွားလေသလား။ ကျွန်တော့်ပစ္စည်း ကျွန်တော်မထိန်းသိမ်းနိုင်တာ ကျွန်တော်အသုံးမကျတာဘဲ။ ကျွန်တော့်ကြောင့် အမေစိတ်ထိခိုက်သွားရသည် ။

သည် ပစ္စည်းသည် ကျွန်တော် ၇ တန်းတောင်သည့် အထိမ်းအမှတ်အနေဖြင့် အဖေဝယ်ပေးထားတဲ့ ကျောက်နီလက်စွပ်လေး။ ဘဝရဲ့ မှတ်တိုင် တစ်ခုအဖြစ် အမြတ်တနိုး သိမ်းဆည်းထားသော ပစ္စည်းတစ်ခု လက်လွှတ်ဆုံးရှုံး လိုက်ရသည့်အဖြစ်မို့ စိတ်သောက ရောက်ခဲ့ရသည် ။ သည် သက္ကရာဇ်သည် ကျွန်တော်တို့ မိသားစုအတွက် ပြဿဒါးရက်တွေချည်း ဖွဲ့ယှက်ထားသည့် ကာလတစ်လျှားများ ဖြစ်နေလေရော့သလား။

မြို့ပြရင်ခွင်ထဲတွင် ဘဝအမောနဲ့ အမေကျင်လည်ခဲ့သည် မှာ တစ်မိုးပြည့်တော့မည်လေ။ အမေတတ်ထားတဲ့ ကောက်စိုက်၊ ပျိုးနုတ်၊ ခနိခုတ် ပညာရပ်တွေသည် မြို့ပြဝန်းကျင်မှာ မည်သို့မျှ စီးမျောနိုင်ခြင်းမရှိ။ အဖေထုဆစ်လိုက်သည့် ကောက်ကြောင်းတွေသည် အမေ၏ နှလုံးသည်းပွတ်ကို ပူလောင်စေတဲ့ ပဋ္ဌလက်တွေများ ဖြစ်နေလေရော့သလား။ အမေ့မျက်လုံးအိမ်ထဲမှာ မျက်ရည်ပေါက်များ လိမ့်ဆင်းလာကြပြန်သည် ။ အိပ်ရာပေါ် ပက်လက်လှန်ပြီး ဟိုဟိုဒီဒီ စဉ်းစားနေသည့် ကျွန်တော့်အနီးမှာ အမေလာထိုင်သည် ။

"အမေတို့ ဝါကျွတ်ပြီးတာနဲ့ ရွာပြန်မှ ဖြစ်မယ်ထင်တယ် သားရယ်"

အမေသည် ကျွန်တော့်ကို သံယောဇဉ်လွှမ်းသည့် အကြည့်တွေနဲ့ စိုက်ကြည့်ပြီး တိုးတိုးလေး ပြောလိုက်သည် ။

"ရတယ် အမေ၊ သား ရွှေနံ့သာကျောင်း ဦးနန္ဒမာလာဆီမှာ နေခဲ့မယ်
"

"ဟုတ်တယ် သားရယ်၊ ဒီမှာ က အမေတို့ ဘာမှ လည်း မလုပ်တတ်၊ မကိုင်တတ်နဲ့ ဆက်နေဖို့ က မလွယ်ဘူး၊ ခုတောင် ရှိစုမဲ့စု လက်ဝတ်လက်စားလေးတွေတောင် မရှိတော့ဘူး"

အမေသည် အိမ်ရှေ့ဘက်သို့ ငေးကြည့်ရင်း တစ်လုံးချင်း ပြောနေသည် ။ မိုးကတော့ ရွာနေသည် ။

***

အမေတို့ ရွာပြန်သွားသည့် နေ့တုန်းက ကျွန်တော့်ရဲ့ စိတ်အစဉ်သည် လုံးဝမရွှင်ပျ။ ရင်တစ်ခုလုံး ဟာနေခဲ့သည် ။ ကျောက်ဖြူဆိပ်ကမ်းမှ စက်လှေထွက်ခွာခါနီး ရီဝေတဲ့ မျက်လုံးအစုံနဲ့ အမေ ကျွန်တော့်ကို ကြည့်နေတဲ့ မြင်ကွင်းသည် ကျွန်တော့် ဘဝတစ်လျှောက်လုံး မေ့ဖျောက်မရနိုင်သည့် သံယောဇဉ် အလွမ်းမျက်ဝန်းဆိုတာ ကျွန်တော့်အသိထဲမှာ တစ်သက်လုံး စွဲနေမိခဲ့သည် ။

အမေ ရွာပြန်ရတာ အမေ့အတွက် သိမ်ငယ်မှုတစ်ခုတော့ ဖြစ်သွားဟန်ရှိသည် ။ ဘယ်လိုမှ မျှော်လင့်လို့ မဖြစ်နိုင်တာနှင့် မျက်စိစုံမှိတ်ပြီး

ပြန်သွားခြင်းပဲ ဖြစ်မှာ ပါလေ။

အမေတို့ ရွာပြန်သွားတာ တစ်လတင်းတင်း အပြည့်မှာ တော့ အမေ့ဆီက စာတစ်စောင် ရောက်လာခဲ့သည် ။ ဝမ်းသာအားရပဲ ချက်ချင်း ဖွင့်ဖတ်လိုက်သည် ။

သား -

အမေ့ကို ခွင့်လွှတ်ပါသားရယ်၊ အမေတို့ ရွာပြန်စရိတ်မရှိလို့ သားအိပ်နေတုန်း သားလက်စွပ်လေးကို ချွတ်ရောင်းခဲ့ရတယ်။

အခု အမေ့လုပ်စာလေးက သားလက်စွပ်လေး ပြန်ဝယ်နိုင်အောင်လို့ ငွေငါးရာ ထည့်ပေးလိုက်တယ်။ သား ကျောင်းစရိတ်နဲ့ အသုံးစရိတ်အတွက်ပါ တစ်ရာထည့်ပေးလိုက်တယ် သား။

အမေ့ဇာတိမြေဟာ အမေ့အတွက် ဘူမိနက်သန်ပါသား။ သားရဲ့ကျောင်းစရိတ်အတွက် အမေကျန်းမာနေသမျှ ဘာမှ ပူစရာမလိုဘူး။ ရွာမှာ ဆို အမေ အကုန်လုပ်တတ်တယ်။ သားသာ ပညာတတ်ကြီးဖြစ်အောင် ကြိုးစားပါ။

မေမေ

မစောမေ

သရက်တောင်ရွာ။

"ဩော် အမေရယ်"

ကျွန်တော့်ရင်ထဲက တိုးတိတ်သည့် အသံကလေး ထွက်သွားသည် ။

***

၁၉၆၅ - ခုနှစ်ဝန်းကျင်လောက် အဖြစ်အပျက်ကို ဇာတ်အိမ်တည် ရေးဖွဲ့သည် ။

***

**ကျွန်းစဉ့်မြေ-စောခက်**
**ငွေတာရီမဂ္ဂဇင်း၊ မတ် ၂၀၀၇ ခုနှစ်**

***